SYCB မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS & YOUTH CONGRESS OF BURMA
P.O Box 123, Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

## (၆၃)ကြိမ်မြောက် မွန်အမျိုးသားနေ့သို့ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (SYCB)မှ ပေးပို့သည့် သဝဏ်လွှာ

၁။ သာသနာသက္ကရာဇ် ၂၅၅၃ ခုနှစ်၊ တပိုးတွဲလပြည့်ကျော်(၁)ရက်နေ့သည် မွန်တမျိုးသားလုံး၏ မင်္ဂလာရှိသော သမိုင်းဝင် နေ့ထူးနေ့မြတ် အခါသမယပင် ဖြစ်ပေသည်။ ယခုကဲ့သို့သော (၆၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားသို့ နေရာဒေသအသီးသီးမှ တက်ရောက်လာကြမည့် မွန်အမျိုးသားကိုယ်စားလှယ်များ၊ မွန်အမျိုးသားအားလုံးနှင့်အတူ မိမိတို့ မြန်မာနိုင်ငံကျောင်းသားလူငယ်များ ကွန်ဂရက် အနေဖြင့်လည်း ထပ်တူထပ်မျှ အထူးပင်ဝမ်းမြောက်ကြောင်းကို ဤသဝဏ်လွှာနှင့်အတူ ဖော်ပြအပ်ပေသည်။

၂။ သက္ကရာဇ်–၁၃၀၈ ခုနှစ်၊ တပိုးတွဲလပြည့်ကျော်(၁)ရက်နေ့သည် **သမလ** နှင့် **ဝိမလ** မွန်မင်းသားညီနောင်နှစ်ပါးမှ ဟံသာဝတီ မြို့ပြ မွန်နိုင်ငံတော်ကြီးကို စတင်တည်ထောင်သည့်နေ့ရက်ဖြစ်ပြီး ယင်းနေ့ထူးနေ့မြတ်ကိုအစွဲပြု၍ မွန်အမျိုးသားရေးကို စောင့်ရှောက်ထိမ်းသိမ်းမြှင့်တင်နိုင်ရန်အတွက် မွန်တမျိုးသားလုံး နိုးကြားတက်ကြွစွာဖြင့် မွန်အမျိုးသားနေ့ကို ကျင်းပပြုလုပ်လာခဲ့သည်မှာ (၆၃)ကြိမ်မြောက်ပင်ဖြစ်ပါသည်။ ဤကဲ့သို့ မွန်တမျိုးသားလုံးနှင့်ဆိုင်သော အမျိုးသားရေးလက္ခဏာများဖြစ်သည့် ရိုးရာ၊ ယဉ်ကျေးမှု၊ အထိမ်းအမှတ် နေ့ထူးနေ့မြတ်အခမ်းအနားများကို မိမိတို့နေရာဒေသအသီးသီးမှာ လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြသခွင့်၊ ကျင်းပခွင့် မရသည်မှာ**(အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိမ်းသိမ်းစောင့်ရှောက်ရေး)**ဟု ပြောနေသော ယနေ့ စစ်အာဏာရှင်အစိုးရလက်ထက် အထိပင်ဖြစ်ပေသည်။ ထို့အတွက်ကြောင့် မွန်တမျိုးသားလုံးနှင့်တကွ ဆုံးရှုံးနေသော အခြေခံအခွင့်အရေးတို့အား အမိအရ ဆုတ်ကိုင်ဖော်ထုတ်ပြသရာရောက်သည့် ထိုသို့သော နေ့ထူးနေ့မြတ် အောက်မေ့ဖွယ် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခြင်းကို မိမိတို့ကွန်ဂရက်မှ လှိုက်လှဲစွာဖြင့် ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

၃။ ထို့အတူ ယနေ့အချိန်အခါကာလသည်လည်း မွန်တမျိုးသားလုံးအတွက် အရေးကြီးသည့် နေ့ထူးနေ့မြတ်ဖြစ်သလို မြန်မာ့နိုင်ငံရေး အပြောင်းအလဲအတွက်လည်း အရေးကြီးဆုံးအချိန်အခါသို့ ရောက်ရှိလာခဲ့ပါသည်။ နအဖစစ်အာဏာရှင်များသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံး၏ လိုလားချက်ဖြစ်သော ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးစသော တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ ရပိုင်ခွင့်ဟူသမျှကို လစ်လျူရှုပြီး ဖမ်းဆီး၊ သတ်ဖြတ်၊ ညှင်းဆဲ၊ သွေးခွဲသပ်လျှိုရေးလမ်းစဉ်ကို ယနေ့ထိတိုင် ကျင့်သုံးနေဆဲဖြစ်ပေသည်။ ထို့အပြင် စစ်အာဏာရှင်စနစ် ဆက်လက်တည်မြဲရေး၊ စစ်ကျွန်ပြုရေး၊ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်များ၏ အကျိုးစီးပွားကာကွယ်ရေးကိုသာရှေ့ရှုပြီး နိုင်ငံတကာမှတောင်းဆိုချက်များ၊ အိမ်နီးချင်းနိုင်ငံများ၏ ဝေဖန်အကြံပြုချက်များကို လုံးဝဂရုမစိုက်သလို မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ ဆန္ဒလုံးဝမပါပဲ အာဏာရှင် စစ်ခေါင်းဆောင်ကြီးများ စိတ်ကြိုက်ရေးဆွဲ မတရားအတည်ပြုထားသည့် (၂၀၀၈)ဖွဲ့စည်းပုံကို အသက်သွင်းရန်အတွက်(၂၀၁၀)ရွေးကောက်ပွဲဝင်ရေးဆိုသည့် ခြေလှမ်းများကို ကြံစည်လုပ်ဆောင်နေပါသည်။

၄။ ထို့ကြောင့် မွန်တမျိုးသားလုံးနှင့်အတူ သတ္တမအကြိမ်မြောက် မွန်ပြည်သစ်ပါတီ၏ ညီလာခံမှချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ၊ ရပ်တည်ချက်များ၊ ခံယူချက်များအတိုင်း မိမိတို့ကွန်ဂရက်မှ အပြည့်အဝထောက်ခံပြီး အဖိနှိပ်ခံပြည်သူများဘက်မှရပ်တည်၍ ဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများအားလုံး တညီတညွတ်တည်း အချိတ်အဆက်ရှိရှိ အတူတကွ ပူးပေါင်းလက်တွဲကာ စစ်အာဏာရှင်စနစ် ပျက်သုန်းရေးအတွက် မိမိတို့ကွန်ဂရက်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ယနေ့ ကျရောက်သည့် မွန်အမျိုးသားနေ့သို့ ပေးပို့သောသဝဏ်လွှာနှင့်အတူ အဓိဋ္ဌာန်ပြုလိုက်ပါသည်။

**မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (SYCB)**
မြန်မာသက္ကရာဇ် – ၁၃၇၁ ခုနှစ်၊ တပိုးတွဲလပြည့်ကျော် (၁)ရက်
ခရစ်သက္ကရာဇ် – ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်၊ စနေနေ့